# မြဝတီ The Mirror Daily

၁၉၅၇ ပြေီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ သောကြာနေ့။ Friday, 15 August 2025 ၁၁၉၁၀


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောကဥ္စ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောကဥ္စရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် ပဲစင်းငုံ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်

ကျွန်းလှ ဩဂုတ် ၁၄

စစ်ကိုင်းတိုင်း ဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် ပဲစင်းငုံ ၁၁၅၄၄ ဧက စိုက်ပျိုးပြီးစီးကာ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်၊ နှစ်ရှည်ပင်နဲ့ အခြားသီးနှံများ ရာသီအလိုက် စိုက်ပျိုးကြပါတယ်။ ဒီနှစ်မိုးရာသီ ပဲစင်းငုံ စိုက်ပျိုးဖို့ ၁၁၅၄၁ ဧက လျာထားပေမယ့် ၁၁၅၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရာမှာ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖



## ငဖဲမြို့နယ်၌ ဆီထွက်သီးနှံ မိုးမြေပဲများ စိုက်ပျိုး



ငဖဲ ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် မန်းချောင်းရေလှောင်တမံဆည်၊ ရင်းရှည်ဆည်နှင့် ဆည်ငယ်ကန်ငယ်တို့မှ ပို့လွှတ်သောရေတို့ဖြင့် ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် ဆီထွက်သီးနှံ မိုးမြေပဲ ၆၇၇ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ယနေ့အထိ ၆၅၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ငဖဲမြို့နယ်အတွင်း မိုးမြေပဲကို ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ မကွေး-၁၆ မျိုး ၃၆၉ ဧက၊ တွန်တာနီ ၂၈၁ ဧကနှင့် ဗီယက်နမ် တစ်ဧက စုစုပေါင်း ၆၅၁ ဧက စိုက်ပျိုးပြီးစီးပြီး လျာထားချက်ပြည့်မီရေးဆက်လက်စိုက်ပျိုးလျက်ရှိသည်။ မြေပဲစိုက်တောင်သူများအား အထွက်နှုန်းကောင်းပြီး အပင်ပေါက် ၈၀ ရာခိုင်နှုန်းအထက်ရှိသောမျိုးများကို ရွေးချယ်၍ တိုးချဲ့စိုက်ပျိုးရန်နှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳


**ယနေ့ ဖတ်စရာ**

**၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကျင်းပ** စာမျက်နှာ » ၅



**အမျိုးသားယဉ်ကျေးမှု ယွန်းအနုပညာနှင့် ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်** ဆောင်းပါး စာမျက်နှာ » ၆

**ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံ** စာမျက်နှာ » ၁၂





# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ကျန်းမာသောလူမှုဘဝသို့တွန်းအားပေး

ပြည်သူ့ကျန်းမာရေးကဏ္ဍတိုးတက်မှသာ ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်ပြီး ကျန်းမာကြံ့ခိုင်သော လူမှုအသိုက်အဝန်းဖြင့် မိမိအကျိုး၊ နိုင်ငံအကျိုးကို ထိရောက်စွာသယ်ပိုးနိုင်မည်ဖြစ်သည်။ ပြည်သူ့ကျန်းမာရေးတိုးတက်စေရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုတို့ကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးလျက်ရှိသည်။

အခြေခံကျန်းမာရေးစောင့်ရှောက်မှုတွင် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များကို နှစ်စဉ်ဩဂုတ်လတွင် ပြုလုပ်လေ့ရှိပြီး ယခုနှစ်ဩဂုတ်လတွင် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ၌ ပထမပတ်တွင် မိခင်နို့စနစ်တကျတိုက်ကျွေးရေးနှင့် ဒုတိယပတ်တွင် ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်ခဲ့ပြီး တတိယပတ်တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးနှင့် ဩဂုတ်လနောက်ဆုံးပတ်တွင် အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ၌ အစားအစာတို့တွင် ကြွယ်ဝစွာပါဝင်သည့် အာဟာရဓာတ်များ၏ အဓိကအကျိုးပြုမှုအပေါ်မူတည်၍ ကစီဓာတ်၊ အဆီဓာတ်ရှိသော၊ အင်အားဖြစ်စေသော အစားအစာ၊ အသားဓာတ်များပါဝင်သည့် ခန္ဓာကိုယ်ကြီးထွားစေသော အစားအစာနှင့် ဗီတာမင်ဓာတ်၊ သတ္တုဓာတ်၊ ရေဓာတ်တို့ပါဝင်သည့် ရောဂါကာကွယ်စေသော အစားအစာအုပ်စု သုံးမျိုးစလုံးကို အာဟာရမျှတစေရန် နေ့စဉ်စားသုံးသည့် အကြိမ်တိုင်းတွင်ပါဝင်အောင် စားသုံးရမည်ဖြစ်သည်။ ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များအားလုံးကို အဆိုပါကျန်းမာရေးစောင့်ရှောက်မှုများ ပေးရမည်ဖြစ်သည်။

အာဟာရဓာတ်သည် အသွေး၊ အသား၊ အင်အားတို့ကို ဖြစ်စေတတ်သော ဩဇာဓာတ်ဖြစ်သည်။ သက်ရှိများ ခန္ဓာကိုယ်နှင့် အသက်ရှင်သန်ကျန်းမာစွာနေထိုင်နိုင်ရန်အတွက် လိုအပ်သော ဇီဝဓာတုပစ္စည်းများဖြစ်ပြီး ထိုဓာတ်များကို အစားအစာစားသုံးခြင်းဖြင့် ရရှိနိုင်သည်။ ခန္ဓာကိုယ်ဖွံ့ဖြိုးခြင်း၊ ကိုယ်လက်လှုပ်ရှားသွားလာခြင်း၊ မျိုးဆက်ပွားခြင်း၊ အင်အားဖြစ်စေခြင်းနှင့် ရောဂါကာကွယ်ခြင်းတို့အတွက် အာဟာရဓာတ်အမျိုးမျိုးတို့ကို စုံလင်စွာစားသောက်ကြရပေသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ကျန်းမာကြံ့ခိုင်စေရန် ခန္ဓာကိုယ်အတွက် လိုအပ်သော အစားအစာများကို ရွေးချယ်စားသုံးတတ်ရန်လိုသည်။

မွေးကင်းစမှ ကလေးအသက်(၆)လပြည့်သည်အထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးသင့်သည်။ မိခင်နို့ဦးရည်သည် ကလေးကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးအတွက် တန်ဖိုးကြီးမားသဖြင့် အလဟဿမဖြစ်စေရန်လိုအပ်ပါသည်။ မိခင်နို့ကို ပုံမှန်ထက် အကြိမ်ရေပိုတိုက်သင့်သည်။ အသက်(၆)လမှစတင်၍ အာဟာရပြည့်ဝသော ဖြည့်စွက်စာအမျိုးမျိုးကို အသက်အရွယ်အလိုက် စုံလင်အောင်ကျွေးမွေးရင်း မိခင်နို့ကို အသက်နှစ်နှစ်အထိ တိုက်ကျွေးနိုင်သည်။ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ အာဟာရပြည့်ဝသောအစားအစာများကို ပိုမိုစားသုံးပါ။ အစားမရှောင်ဘဲ မွေးစမှ ခြောက်လအထိ မိခင်နို့တိုက်ကျွေးနိုင်သည်။ အဆီအမျိုးမျိုး၊ အငန်နှင့် ချိုသောအစာများ ဆင်ခြင်စားသုံးရန်လိုသည်။

အိုင်အိုဒင်းသည် သံဓာတ်၊ ထုံးဓာတ်တို့ကဲ့သို့ပင် သတ္တုအာဟာရတစ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်ပုံမှန်ကြီးထွားရေး၊ ဦးနှောက်ဖွံ့ဖြိုး၍ ဉာဏ်ရည်ထက်မြက်ရေး၊ ခန္ဓာကိုယ်၏ ဇီဝကမ္မလုပ်ငန်းများ ပုံမှန်လည်ပတ်ရေးတို့အတွက် အိုင်အိုဒင်းအာဟာရကို လုံလောက်စွာစားသုံးကြရပါမည်။ ကိုယ်ဝန်ဆောင်မိခင်များ အိုင်အိုဒင်းအာဟာရချို့တဲ့လျှင် ကိုယ်ဝန်ပျက်ကျတတ်ခြင်း၊ ကလေးအသေ မွေးတတ်ခြင်း၊ လမစေ့၊ ပေါင်မပြည့်သောကလေး၊ ဆွံ့အနားမကြားသောကလေး၊ ဉာဏ်ရည်နိမ့်သောကလေး၊ ခြေလက်မသန်စွမ်းသောကလေးများ မွေးဖွားတတ်သည်။ ကလေးများ အိုင်အိုဒင်းချို့တဲ့လျှင် ခန္ဓာကိုယ် စံချိန်မီ မကြီးထွားနိုင်ဘဲ သေးကွေးပုညှက်နေမည်၊ ဉာဏ်ထိုင်းမည်၊ လည်ပင်းကြီးရောဂါဖြစ်မည်၊ သွက်လက်ဖျတ်လတ်မှုမရှိ ထုံထိုင်းနှေးကွေးမည်ကို သတိပြုရမည်ဖြစ်သည်။

ယခုဩဂုတ်လ၌ မွေးကင်းစမှ အသက် ၁ နှစ် ၆ လအထိ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံခြင်းနှင့် ငါးနှစ်အထိ ကလေးငယ်များအား ဗီတာမင်ဆေး တိုက်ကျွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ဝက်သက်၊ ဂျိုက်သိုး၊ ဆုံဆို့ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေးထိုးနှံခြင်း၊ ငါးနှစ်အထိ ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေးနှင့် ဗီတာမင်ဆေး တိုက်ကျွေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသော ရက်သတ္တပတ်အလိုက် ကျန်းမာရေးစောင့်ရှောက်မှုများတွင် ပြည်သူများ ပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်း စည်းမျဉ်းနှင့်ကြီးကြပ်စစ်ဆေးရေးဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မိုးမိုးကြည် ကို ယင်းဌာနကြီး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ကျောက်တံခါးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကွင်းဆင်းဆောင်ရွက်

ကျောက်တံခါး ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများနှင့် အခြေခံပညာကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် ကျောက်တံခါးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူစန်းက ဦးဆောင်ကာ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အခြေခံပညာကျောင်းများနှင့် ရပ်ကွက်ကျေးရွာများအတွင်း ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အထက (ခြောက်ရွာ)၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

အင်္ဂပူ ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ခြောက်ရွာကျေးရွာ အထကတွင် ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနက



မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးအသုံးပြုနည်း လက်တွေ့ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်းက မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းရင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေးတို့ကို အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူး အသုံးပြုပုံတို့ကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကာ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ၁၄- ၈ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၄ - ၈ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၁၀၀ | ၀ | ၀ |
| MTSH | ၃,၂၀၀ | ၃,၁၅၀ | ၇၁ | ၂၂၄,၄၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၁,၇၀၆ | ၃,၂၆၆,၇၀၀ |
| TMH | ၂,၅၅၀ | ၂,၆၀၀ | ၁,၈၇၀ | ၄,၈၀၆,၀၅၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၃၂၉ | ၅၄၈,၀၀၀ |
| AMATA | ၃,၄၅၀ | ၃,၄၅၀ | ၁၀ | ၃၄,၅၀၀ |
| MAEX | ၃,၁၅၀ | ၃,၃၀၀ | ၂၅၃ | ၈၀၄,၈၀၀ |
| MADPL(PLB) | ၂,၉၅၀ | ၂,၉၅၀ | ၈၇ | ၂၅၆,၆၅၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ငီယမ်ဖုန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ငီယမ်ဖုန်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီတို့အား သီးခြားစီတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

(၁၀)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အန်းနင်မြို့၌ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ငီယမ်ဖုန်အား ဒေသစံတော်ချိန် ယနေ့ညနေ ၃ နာရီတွင် လည်းကောင်း၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီအား ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သီးခြားစီတွေ့ဆုံသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဖြစ်ပေါ်တိုးတက်မှုများနှင့် နယ်စပ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးခဲ့ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေး၍ မြန်မာနိုင်ငံတွင်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည့်ကိစ္စကို ရှင်းလင်းပြောကြားခဲ့ရာ တရုတ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်ကိစ္စနှင့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို ထောက်ခံအားပေးကြောင်း ပြန်လည်ပြောကြားခဲ့သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းက ဆောင်ရွက်နေသည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာများ၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးထံ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက ငလျင်ဘေးသင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ သတင်းစဉ်

* ငဖဲမှ

သွင်းအားစုများ စနစ်တကျ ထည့်သွင်းစိုက်ပျိုးရန်၊ ပေါင်းသတ်ဆေးနှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းလမ်းများကို တောင်သူအသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့အနက်မှ ပန်းတိုင်အထွက်နှုန်းရရှိရေး ၃၂၅ ဧက စိုက်ပျိုးရန် လျာထားကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမြင့်သိန်းက ပြောသည်။

ယခင်နှစ်က မိုးမြေပဲကို ၆၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကအထွက်နှုန်း ၅၇ ဒသမ ၅၈ တင်းခန့် ထွက်ရှိကြောင်းနှင့် ငဖဲမြို့နယ်အပြင် အခြားဒေသများ၌ ဆီထွက်သီးနှံဖြစ်သည့် မြေပဲကို လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးဆီဖူလုံစေမည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အထောက်အကူပြုစေနိုင်မည် ဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဒုတိယဥက္ကဋ္ဌ ဦးဆန်းလင်းနှင့်အဖွဲ့အား ယမန်နေ့တွင်မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UMFCCI ဒုတိယဥက္ကဋ္ဌ ဦးဆန်းလင်းက ဂျပန်နိုင်ငံအခြေစိုက် AEON Co.,Ltd. က ငလျင်ဘေးသင့်ဒေသများပြန်လည်တည်ဆောက်ရေးအတွက် ကူညီလှူဒါန်းထားသည့် ငွေများထဲမှ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများနှင့်ဘာသာရေးအဆောက်အအုံများ အနက်





ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်လှူဒါန်းရန် လျာထားရွေးချယ်ထားမှု အခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)၊ တိုင်းဒေသကြီး သာသနာရေးဦးစီးဌာနတို့မှ တိုင်းဦးစီးမှူးများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ရိမ်းဘိုးဆိုင်ကယ်အပိုပစ္စည်း ရောင်းဝယ်ရေးမိသားစုက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ယာဉ်ထိန်းတပ်ဖွဲ့များနှင့် ဆိုင်ကယ်လှည့်ကင်းရဲတပ်ဖွဲ့များအတွက် ဆိုင်ကယ်စီးဦးထုပ်များကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းလှူဒါန်းမှုတွင် ငွေကျပ်သိန်း ၄၅၀ တန်ဖိုးရှိ ဆိုင်ကယ်စီးဦးထုပ် အလုံးရေ ၃၀၀ လှူဒါန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့များနှင့် ဆိုင်ကယ်လှည့်ကင်း ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့များထံသို့ စနစ်တကျ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် အီဂျစ်နိုင်ငံသံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ရန်ကုန်မြို့အခြေစိုက် အီဂျစ်နိုင်ငံသံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim အား ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အီဂျစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများမြှင့်တင်ရန် ရည်ရွယ်သည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-အီဂျစ် အွန်လိုင်းရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပနိုင်ရေးနှင့် အဆိုပါဖိုရမ်တွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ညီနောင်အသင်းများနှင့်အီဂျစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်း၊ ဝါနှင့် ချည်မျှင် ဆင့်တက်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆေးဝါးနှင့် ဆေးဝါးပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်သည့် လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံရေးနှင့် နည်းပညာ လွှဲပြောင်းရယူနိုင်ရေးဆိုင်ရာကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အီဂျစ်သံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာစကိတ်အားကစားအဖွဲ့နှင့် H.T.V Sports Channel မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မြန်မာစကိတ်အားကစား တိုးတက်ဖွံ့ဖြိုးရေးနှင့် H.T.V Sports Channel သတင်းရိုက်ကူးရေးဆိုင်ရာတာဝန်ရှိသူများအား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။



ဦးစွာ မြန်မာနိုင်ငံစကိတ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်တာဝန်ရှိသူတို့က မြန်မာစကိတ်အားကစား ဖွံ့ဖြိုးတိုးတက်ရေး၊ (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရေးနှင့် အောင်နိုင်ရေးအတွက် အဖွဲ့ချုပ်အနေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု၊ Roll Ball အားကစားအဖွဲ့ ဖွဲ့စည်းခွင့်ရရှိရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လေ့ကျင့်ရေးကွင်း ရရှိရေးနှင့် ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများနှင့် ချိတ်ဆက်ညှိနှိုင်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် H.T.V Sports Channel သတင်းရိုက်ကူးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ H.T.V Sports Channel မှ (CEO) ဦးဇေယျာမင်းနှင့် တာဝန်ရှိသူတို့က Hey Play Channel တွင် လက်ရှိ ရိုက်ကူးထုတ်လွှင့်နေမှု၊ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသပေးလျက်ရှိသည့် အားကစားနည်းများ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမတိုင်ခင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ပြိုင်ပွဲကာလအတွင်း ယှဉ်ပြိုင်နေမှု၊ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်မည့် အားကစားနည်းများနှင့် ပတ်သက်၍ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူတို့က အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက အများပြည်သူစိတ်ဝင်စားသည့် အားကစားနည်းများဖြစ်သော ဘောလုံး၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ကွင်းသွင်းခြင်း၊ ပြေးခုန်ပစ်၊ အလေးမ၊ လှေလှော်၊ ဘိလိယက်နှင့် စနူကာ၊ ပီတန်း၊ မြားပစ်၊ သေနတ်ပစ်၊ ကဘာဒီနှင့် တက်ဂ်ဘော စသည့် အားကစားနည်းများနှင့် ကိုယ်ခံပညာ(အတိုက်) အားကစားနည်းများဖြစ်သော တိုက်ကွမ်ဒို၊ ဂျူဒို၊ ပန်ကြပ်ဆီလပ်၊ ကစ်ဘောင်ဆင်၊ မွေနှင့် ဝူရှူး စသည့် အားကစားနည်းတို့ကို တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်နိုင်ရေးနှင့် လာမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေး ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သတင်းစဉ်

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၁၄

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ်၌ ကျင်းပရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏(၁၅)ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာအပေါ် ထပ်မံမေးမြန်းလာသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ စက်တင်ဘာ ၄ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မက္ကာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၌ ကျင်းပမည့် အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group–APJG) ၏ မျက်နှာစုံညီအစည်းအဝေးတွင် ရှင်းလင်းဆွေးနွေးနိုင်ရန် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များက ညှိနှိုင်းဆွေးနွေးရန်နှင့် ဩဂုတ် ၂၅ ရက်မှ ၂၉ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် ၂၀၂၅ ခုနှစ် APG နှစ်ပတ်လည် အစည်းအဝေးနှင့် သင်တန်းနှင့် နည်းပညာ ပေးအပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်မည့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ကြိုတင်ပြင်ဆင်ထားမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးရန် အစည်းအဝေး ခေါ်ယူရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနယ်ပယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပေးပို့ရန်အချက်များအလိုက် လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တိုးတက်မှုအစီရင်ခံစာအပေါ် ထပ်မံမေးမြန်းသည့် မေးခွန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနများကလည်းကောင်း၊ ၂၀၂၅ ခုနှစ် APG နှစ်ပတ်လည်အစည်းအဝေးနှင့် သင်တန်းနှင့်နည်းပညာပေးအပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့်အချက်များအား ညွှန်ကြားရေးမှူးချုပ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် တပ်ဖွဲ့မှူး၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့ကလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်၊ တာဝန်ရှိသူများ၊ တိုးတက်မှုအစီရင်ခံစာ မူကြမ်း (အင်္ဂလိပ်+ မြန်မာ)စိစစ်ရေးသားအဖွဲ့ဝင်များဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်



# နတ်တလင်းမြို့နယ်၌ လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

နတ်တလင်း ဩဂုတ် ၁၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ပဲခူးတိုင်းဒေသကြီးတာဝန်ခံ အင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် သာယာဝတီခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးသန်းမြတ်စိုး၊ နတ်တလင်းမြို့နယ်မှ အငယ်တန်းအင်ဂျင်နီယာ-၁(မြို့ပြ) ဦးရန်အောင်တို့နှင့်အတူ ယမန်နေ့က နတ်တလင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် မြသက်တင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသည့် ရွာသာကုန်း-ဇီးပင်ကွင်း-လက်ခုပ်ပင်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လုပ်ငန်းများ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေးနှင့် QC စစ်ဆေးခြင်းလုပ်ငန်းများ စနစ်တကျစစ်ဆေးဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် အာဟာရဖွံ့ ဖြိုးရေးရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ နေပြည်တော်အဆင့် စံပြမိခင်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အထိမ်းအမှတ်ဗီဒီယို၊ လူမှုဝန်ထမ်းမှုကြိုကလေးငယ်များ၏ ကပြဖျော်ဖြေတင်ဆက်မှု၊ ၂၀၂၅ ခုနှစ် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ်ဗီဒီယိုတို့ကို ကြည့်ရှုအားပေးပြီး



အသက်ငါးနှစ်အောက် ကလေးများကို အင်အားပြည့် ဗီတာမင်အေတိုက်ကျွေးကာ ကိုယ်ဝန်ဆောင်မိခင်များအတွက် အာဟာရဖြစ်အစားအစာများ ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် အစာအုပ်စုအလိုက် ခွဲခြားပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ကျင်းပသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းများ၏ သား သမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

# ဗိုလ်တထောင်မြို့နယ်၌ ရေ၏အရေးပါပုံ၊ ရေ၏တန်ဖိုး၊ ရေပေးဝေမှုဆိုင်ရာနှင့် ရေဆိုးစွန့်ပစ်မှုဆိုင်ရာများကို ပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က ရေ၏အရေးပါပုံ၊ ရေ၏တန်ဖိုး၊ ရေပေးဝေမှုဆိုင်ရာနှင့် ရေဆိုးစွန့်ပစ်မှုဆိုင်ရာများကို ကျောင်းသား ကျောင်းသူများ ဗဟုသုတရရှိစေရန်ရည်ရွယ်၍ ပညာပေးဟောပြောခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း (ဗိုလ်တထောင်)မှ ကျောင်းတာဝန်ခံ ဆရာမကြီးဒေါ်အေးအေးသန့်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာက ရန်ကုန်မြို့တော် ရေပေးဝေရေး သမိုင်းကြောင်း၊ ရေသံသရာလည်ပုံ၊ ရေသန့်စင်စနစ်နှင့် ရေဆိုး စွန့်ပစ်မှုဆိုင်ရာများ၊ ကမ္ဘာမြေကြီးနှင့် ရေထုအချိုး၊ ရေရရှိနိုင်သော နေရာများ၊ ရေကို ချွေတာသုံးစွဲရန် နည်းစနစ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေသန့်စင်မှုနည်းစနစ်များကို လက်တွေ့ပြသပြီး ကျောင်းသူများအား ပညာပေး ဟောပြောမှုနှင့် ပတ်သက်၍ နားလည်မှု ရှိ၊ မရှိ မေးခွန်းများ မေးမြန်းခဲ့ကြောင်း သိရသည်။

**အောင်မြင့်ဌေး**

# ရေးမြို့နယ်၌ KG တန်း ကလေးငယ်များအား ကျောင်းတွင်းအာဟာရကျွေးမွေး

ရေး ဩဂုတ် ၁၄

မွန်ပြည်နယ် ရေးခရိုင်ကုသရေးဦးစီးဌာန ရေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းကျန်းမာရေးရက်သတ္တပတ် ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် KG တန်း ကလေးငယ်များအား အာဟာရကျွေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း၌ ဆောင်ရွက်သည်။



ဦးစွာ ကျောင်းကျန်းမာရေးရက်သတ္တပတ် ကျန်းမာရေးစစ်ဆေးပေးခြင်းကို ရေးခရိုင်ကုသရေးဦးစီးဌာန သွားနှင့်ခံတွင်းကုသရေးဦးစီးဌာနမှ ဒေါက်တာမင်းအောင်မာန်နှင့် ကျန်းမာရေးဝန်ထမ်း ဆရာမများက KG တန်းမှ Grade-3 ထိ သွားနှင့်ခံတွင်းရောဂါစစ်ဆေးပေးပြီး ကျန်ရှိသည့်ကလေးငယ်များအား ခြေသည်း၊ လက်သည်း စစ်ဆေးခြင်းနှင့် အထွေထွေကျန်းမာရေး စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး အားဆေးများ တိုက်ကျွေးခြင်း ဆောင်ရွက်သည်။

ထို့အတူ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကျော်မျိုးထက်နှင့် မြို့နယ်ပညာရေးမှူး ဦးမင်းဌေးဦးတို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများက KG တန်းကလေးငယ် ၇၂ ဦးတို့အား အစာအုပ်စုသုံးအုပ်စုတွင်ပါဝင်သည့် ကျန်းမာရေးနှင့် ညီညွတ်သော နေ့လယ်စာ အာဟာရနှင့် အာဟာရမှုန့် ဖြည့်စွက် ကျွေးမွေးခြင်းတို့ကို ဆောင်ရွက်သည်။ ရေးမြို့နယ်အနေဖြင့် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို ကျန်ရှိသည့် အခြေခံပညာ ကျောင်းများတွင် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

# နမ့်စန်မြို့နယ်၌ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေး

နမ့်စန် ဩဂုတ် ၁၄

ရှမ်းပြည်နယ် တောင်ပိုင်း နမ့်စန်မြို့နယ်၌ ကျောင်းတွင်း အာဟာရ ကျွေးမွေးခြင်းကို အခြေခံပညာ ဦးစီးဌာနနှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ နမ့်စန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ယနေ့ နံနက်ပိုင်းက စတင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မျိုးမင်းခိုင်နှင့် ဝန်ထမ်းများ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်မင်းနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများက မြို့ပေါ်ရှိအခြေခံပညာကျောင်း



များတွင် KG ကျောင်းသား ကျောင်းသူများအား အာဟာရ ကျွေးမွေးခြင်း၊ အာဟာရ ကျန်းမာရေးအကြောင်း အသိပညာပေး ပြောကြားခြင်းတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းကို နမ့်စန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၂၆ ကျောင်းတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး စက်တင်ဘာလတွင် ဒုတိယအကြိမ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**

❖ **ရှေ့ဖုံးမှ**

အထွက်နှုန်းကောင်း ရွှေဒင်္ဂါးမျိုးကို သီးသန့်နဲ့ သီးညှပ်အဖြစ် စိုက်ပျိုးကြပါတယ်။ ပဲစင်းငုံသီးနှံဟာ ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်ရရှိကြတဲ့အတွက် တောင်သူတွေ တိုးချဲ့စိုက်ပျိုးလာကြပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ပဲစင်းငုံသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး စသည့်စိုက်ပျိုးရေးနည်းပညာများ ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရန် ၁၆၉၅၃ ဧက လျာထားကြောင်း၊ ယနေ့ထိ ပဲတီစိမ်း ၅၄၁၆ ဧက၊ ပဲစင်းငုံ ၁၁၅၄၄ ဧက စုစုပေါင်း ဧက ၁၆၉၆၀ စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# အမျိုးသားယဉ်ကျေးမှု ယွန်းအနုပညာနှင့် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်

**လက်ျာ**

မြန်မာလူမျိုးတို့သည် ဧည့်ဝတ်ကျေပွန်ကာ သူတစ်ထူးအား ယဉ်ကျေးစွာဆက်ဆံတတ်သည့် လူမျိုးများဖြစ်သည်။ မိမိတို့အိမ်သို့ ဧည့်လာလျှင် ကွမ်း၊ ဆေး၊ လက်ဖက်၊ အချိုအချဉ် အစုံအလင်နှင့် ဧည့်ခံလေ့ရှိသလိုပင် မိမိက အခြားတစ်ပါးသို့ခရီးသွားလျှင်လည်း ကောင်းနိုးရာရာ လက်ဆောင်ပစ္စည်းများကို ယူဆောင်သွားလေ့ရှိသည်။ ရှေးမြန်မာဘုရင်များလက်ထက်ကတည်းကပင် မိတ်ဖက်နိုင်ငံများနှင့် အပြန်အလှန်ကမ်းလှမ်းသည့် လက်ဆောင်များတွင် တန်ဖိုးကြီးမားမှုရှိသလို နိုင်ငံနှင့်လူမျိုး၏ဂုဏ်ရည်ကို ပြသနိုင်သည့် လက်ဆောင်များပေးလေ့ရှိသည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၏ ဘယ်လာရုစ်နိုင်ငံတွင် ကျင်းပခဲ့သော ဥရောပ-အာရှစီးပွားရေးဖိုရမ်သို့ သွားရောက်သည့်ခရီးစဉ်တွင် ထိုကဲ့သို့ သဘောဆောင်သည့် လက်ဆောင်များကို အပြန်အလှန် လဲလှယ်ပေးအပ်ခဲ့သည်ကို တွေ့ရှိရသည်။ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ရည်ကို ပြသနိုင်ပြီး မြန်မာလူမျိုးတို့၏ ဧည့်ဝတ်ကျေပွန်ခြင်း ယဉ်ကျေးမှုအစဉ်အလာအား စောင့်ထိန်းခဲ့သည်ကို တွေ့ရပါသည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ပေးခဲ့သောလက်ဆောင်များတွင် ထူးခြားသည့်လက်ဆောင်များမှာ မြန်မာ့ယွန်းထည်များပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ယွန်းထည်ပြုလုပ်သည့်နိုင်ငံ များစွာရှိနေသော်လည်း မြန်မာ့ယွန်းထည်များသည် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ဟန်အပြည့်အဝအသုံးပြုထားကာ ထူးခြားသည့် ယွန်းထည်များဖြစ်သည်။ ယွန်းလုပ်ငန်းနှင့်ပတ်သက်ပါက မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အစုံလင်ဆုံးနှင့် အထွန်းကားဆုံးနိုင်ငံဟု ဆိုရမည်ဖြစ်သည်။ မြန်မာတို့၏ ယဉ်ကျေးမှုပုံစံအား သမိုင်းပညာရှင်များ သုံးသပ်ကြသည်မှာ “Adept and Adopt” ဖြစ်သည်ဟုဆိုကြသည်။ မိမိ၏ ကိုယ်ပိုင်ယဉ်ကျေးမှုအတွင်းသို့ အခြားယဉ်ကျေးမှုဝင်ရောက်လာပါက တိုက်ရိုက်ကူးယူခြင်းထက် မြန်မာတို့နှင့် ကိုက်ညီမည့်ပုံစံသို့ ပြောင်းလဲကာ မိမိတို့၏ ကိုယ်ပိုင်ပုံစံအသစ်ဖြင့် ရောနှောစေပြီးမှ မွေးစားသည့်သဘောရှိခြင်းကြောင့် ထိုသို့သတ်မှတ်ခြင်းဖြစ်သည်။ မြန်မာပညာရှင်များသည်လည်း ရှေးယခင်ကတည်းကပင် “အရိုးကို အရွက်မဖုံးရာ” ဟူသော ဆိုရိုးစကားဖြင့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအား အခြားယဉ်ကျေးမှုမှ ဖုံးလွှမ်းခြင်းမပြုစေရန် သတိပေးစကား ထားရှိခဲ့ကြပါသည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် မြန်မာ့ယဉ်ကျေးမှုအနုပညာနှင့်သက်ဆိုင်သည့် အခမ်းအနားများတွင် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက် ရှင်သန်ထွန်းကားနေအောင် စွမ်းဆောင်ပေးကြရန်၊ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု (National Culture)၊ အမျိုးသားရေးစိတ်ဓာတ် (National Spirit) နှင့် တန်ဖိုးထားမှုစနစ် (Value System) များသည် ဒေသတစ်ခု၏ အချုပ်အနှောင်မဲ့တိုးတက်မှု (Independent Development) အတွက် လွန်စွာအရေးပါသည့် အခြေခံအကြောင်းတရားများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပမှ ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာနေမှုများကို အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ကြရမည်ဖြစ်ပြီး အန္တရာယ်ရှိသည်ကို သတိထားကြရမည်ဖြစ်ကြောင်း၊ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း အမျိုးသားရေးကိုယ်ခံစွမ်းအားများ မြင့်မားလာအောင်နှင့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအား တိုင်းတစ်ပါးယဉ်ကျေးမှုများမှ ဖုံးလွှမ်းမခံရအောင် တစ်နည်းဆိုရသော် အရိုးပေါ် အရွက်မဖုံးရန် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားထားသည်မှာလည်း အစဉ်သတိပြု လိုက်နာဖွယ်ဖြစ်သည်။



ရိုးစင်းကာ အဆင်တန်ဆာမပါသည့် ကျောက်ကာထည်များ ပြုလုပ်နေစဉ်။

## မြန်မာ့ယွန်းထည်သမိုင်း

မြန်မာ့ယွန်းထည်သမိုင်းအား ဆန်းစစ်သုံးသပ်ရာတွင် မြန်မာ့ယွန်းထည်ပညာဖြစ်သော ပန်းယွန်းသည် အခြားနိုင်ငံများနှင့် ခေတ်ပြိုင်ပေါ်ထွန်းလာခဲ့ပြီး ရိုးရှင်းလှသောပုံစံမှ အဆင်တန်ဆာများခြယ်မှုန်းသည့်ပုံစံသဖြင့် တည်ရှိခဲ့ပြီး အရှေ့တောင်အာရှ ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိနေသဖြင့် အခြားနိုင်ငံများဆီမှ ယွန်းထည်ပုံစံများကို နမူနာယူကာ မြန်မာ့ဟန်ပြောင်းလဲ၍ အမျိုးအမည် များပြားစုံလင်လှသော ယွန်းထည်များ ထုတ်လုပ်နိုင်ခဲ့သည်ဟု ယူဆကြပါသည်။ ထိုယူဆချက်အား “Lacquerware Journeys: The Untold Story of Burmese Lacquer” ISBN (International Standard Book Numbers) 9786167339238 စာအုပ်တွင် မြန်မာ့ယွန်းထည်သည် နှစ်ပေါင်း ၇၀၀၀ ကျော်ကြာမြင့်ပြီဖြစ်သည့် တရုတ်ယွန်းပညာဆီမှ မြစ်ဖျားခံခြင်းမဟုတ်ဘဲ ထူးခြားသော ကိုယ်ပိုင်ဟန်များဖြင့် တိုးတက်လာပြီး အေဒီ ၁၀ ရာစုတွင် ပြည့်စုံသော မြန်မာ့ယွန်းထည်ပုံစံ ဖြစ်ပေါ်လာခဲ့သည်ဟု သုတေသနပြုလုပ်ချက်များအရ သိရှိရပါသည်။ မြန်မာ့ယွန်းထည်များတွင် ရိုးရှင်းသော သစ်စေးသုတ်အထည်များ၊ ဆေးရောင်များဖြင့် အဆင်တန်ဆာ ခြယ်သသောအထည်များ၊ ရွှေငွေဖန်မှန် ကျောက်မျက်များဖြင့် အလှဆင်သော အထည်များ၊ ရွှေပိန်းချ ရွှေဇဝါရေးအထည်များ၊ ရုပ်လုံးရုပ်ကြွအထည်များ စသဖြင့် အမျိုးအစားများ စုံလင်စွာ တွေ့ရှိရပါသည်။ အောက်ခံထည်အဖြစ် အရှေ့တောင်အာရှပုံစံ ကြိမ်နှင့် ဝါးနီးများအပြင် အရှေ့အာရှပုံစံဖြစ်သော သစ်သားသုံးသည့်ပုံစံလည်းရှိသဖြင့် မြန်မာ့ယွန်းပညာသည် နည်းစနစ်များစွာ ပါဝင်နေသော ထူးခြားသည့် ကိုယ်ပိုင်ဟန်ကို ပိုင်ဆိုင်ပါသည်။

## မြန်မာ့ယွန်းထည်အမျိုးအစားများ

မြန်မာနိုင်ငံတွင် ယွန်းလုပ်ငန်းကို ပုဂံဒေသ၌ နည်းစနစ်အစုံလင်ဆုံး တွေ့ရှိရပါသည်။ မြန်မာ့ယွန်းထည်များအား ဖော်ပြပါအတိုင်း ပြုလုပ်နည်းပေါ်မူတည်၍ အမည်ပေးကြပါသည်-

**ကျောက်ကာထည်။** ရိုးစင်းကာ အဆင်တန်ဆာမပါသောပုံစံဖြစ်ကာ မြန်မာ့ယွန်းထည်၏ မူလပုံစံဟု ယူဆရပါသည်။

**စာမျက်နှာ ၇ သို့** ❄

**ကမ္ဘာပေါ်တွင် ယွန်းထည်ပြုလုပ်သည့်နိုင်ငံ များစွာရှိနေသော်လည်း မြန်မာ့ယွန်းထည်များသည် မြန်မာလူမျိုးတို့၏ကိုယ်ပိုင်ဟန် အပြည့်အဝအသုံးပြုထားကာ ထူးခြားသည့်ယွန်းထည်များဖြစ်သည်။ ယွန်းလုပ်ငန်းနှင့်ပတ်သက်ပါက မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အစုံလင်ဆုံးနှင့် အထွန်းကားဆုံးနိုင်ငံဟု ဆိုရမည်ဖြစ်သည်။ မြန်မာတို့၏ယဉ်ကျေးမှုပုံစံအား သမိုင်းပညာရှင်များ သုံးသပ်ကြသည်မှာ “Adept and Adopt” ဖြစ်သည်ဟုဆိုကြသည်။ မိမိ၏ ကိုယ်ပိုင်ယဉ်ကျေးမှုအတွင်းသို့ အခြားယဉ်ကျေးမှုဝင်ရောက်လာပါက တိုက်ရိုက်ကူးယူခြင်းထက် မြန်မာတို့နှင့် ကိုက်ညီမည့်ပုံစံသို့ပြောင်းလဲကာ မိမိတို့၏ ကိုယ်ပိုင်ပုံစံအသစ်ဖြင့် ရောနှောစေပြီးမှ မွေးစားသည့်သဘောရှိခြင်းကြောင့် ထိုသို့သတ်မှတ်ခြင်းဖြစ်**



ပုဂံမြို့မှ အမိကထွက်ရှိသည့် ယွန်းထည်ရိုးရိုး ပြုလုပ်နေစဉ်။



ရွှေယွန်းထည်အမျိုးမျိုးကို တွေ့ရစဉ်။

❄ စာမျက်နှာ ၆ မှ
အောက်ခံအဖြစ် သစ်သားနှင့် နှီးကို အသုံးပြုကာ အပေါ်မှနေ၍ သစ်စေးထူထဲစွာ အထပ်ထပ်လိမ်းကျံသည့် နည်းစနစ်ဖြင့် ပြုလုပ်ပါသည်။ ကျောက်ကာထည်များကို စစ်ကိုင်းတိုင်းဒေသကြီး ကျောက်ကာမြို့နယ်တွင် ပြုလုပ်ပါသည်။ ယနေ့အချိန်တွင် ကျောက်ကာမြို့နယ်၌ ယွန်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခြင်းမရှိသလောက် နည်းပါးနေပြီဖြစ်ပါသည်။

**ယွန်းထည်ရိုးရိုး။** ဆေးသွင်းယွန်းထည်ဟုလည်း ခေါ်ဆိုသော ယွန်းထည်အား ပုဂံမြို့တွင် အဓိကထုတ်လုပ်ပါသည်။ သစ်စေးသုတ်လိမ်း၍ အခြောက်ခံထားသော ယွန်းထည်ပေါ်တွင် ကညစ်အသုံးပြုကာ လှပသောပုံစံများရေးဆွဲပြီး ဆေးရောင်များ ထည့်သွင်းကာ ပြုလုပ်ခြင်းဖြစ်သည်။ ထိုသို့ ပြုလုပ်ရာတွင် ယွန်းထည်များကို လုပ်ဆောင်မှု တစ်ခုပြီးစီးတိုင်း မြေတိုက်ဟူသည့် အေးမြခြောက်သွေ့သောနေရာတွင် ပြန်လည်သိုလှောင် အခြောက်ခံပြီးမှ လုပ်ဆောင်ခြင်းဖြစ်ရာ အနုစိတ်၍ ဂရုတစိုက် လုပ်ဆောင်ရသောနည်းပင် ဖြစ်ပါသည်။ လုပ်ဆောင်ရသည့်အဆင့်များမှာ အောက်ခံထည်အပြီး သစ်စေးအကြမ်းသုတ်လိမ်းခြင်း၊ အပေါ်ယံ သစ်စေးလွှာသုတ်လိမ်းခြင်း၊ ပုံဖော်ခြင်း၊ ဆေးရောင်သွင်းခြင်း၊ အချောသပ်ခြင်းတို့ပင် ဖြစ်ပါသည်။ ဤနည်းစနစ်တွင် မြန်မာ့ယွန်းထည်များသည် အခြားနိုင်ငံများမှ ယွန်းထည်နည်းစနစ်များနှင့် မတူညီသည့်ပုံစံကို တွေ့ရှိရသည်။ အောက်ခံထည် ပြုလုပ်ရာတွင် ဝါးနှီးအပြင် မြင်းလည်ဆံမွေးအား ထည့်သွင်းကာ ပြုလုပ်ထားသဖြင့် ဖိလျှင်မပိ၊ ချိုးလျှင်မကျိုး၊ သွင်းသည့်ယွန်းသား ကြေပျက်ခြင်းမရှိဟူသည့် မြန်မာ့နည်း မြန်မာ့ဟန်ကို တွေ့ရှိနိုင်ပါသည်။

**ရွှေယွန်းထည်။** ဆေးရောင်နေရာတွင် ရွှေမျက်ပါးများကို ခဲးငယ်ဖြင့် ကျွမ်းကျင်စွာ ပုံဖော်ကာ သစ်စေးပေါ်တွင် ကပ်၍ပြုလုပ်ထားသောယွန်းထည်များဖြစ်သည်။ ရွှေယွန်းထည်များကို ပုဂံတွင် အဓိကလုပ်ဆောင်ကာ နိုင်ငံတကာဈေးကွက်သို့ပင် တင်ပို့ရောင်းချလျက်ရှိသော ယွန်းထည်အမျိုးအစားများ ဖြစ်ပါသည်။

**သရိုးထည်။** ရုပ်လုံးရုပ်ကြွ ပြုလုပ်ထားသော ယွန်းထည်များဖြစ်ကာ သစ်စေးအား အရိုးပြာမှုန့်၊ စပါးခွံနှင့် သစ်လွှစာမှုန့် တစ်ခါတစ်ရံတွင် နွားချေးဖြင့် သမအောင်ရောစပ်ကာ ရရှိလာသောသရိုးအား


သရိုးထည်များကို တွေ့ရစဉ်။

ရုပ်လုံးရုပ်ကြွအဖြစ် ပြုလုပ်၍ ထိုရုပ်လုံးရုပ်ကြွများအား ဆေး၊ ရွှေမျက်ပါး စသည်တို့ဖြင့် တန်ဆာဆင်၍ ပြုလုပ်သော နည်းစနစ်ဖြစ်ပါသည်။

**မှန်စီရွှေချယွန်းထည်။** ဆေးသွင်း၊ ရွှေသွင်း ယွန်းထည်များနှင့် လုပ်ဆောင်ပုံမတူညီဘဲ ထူထပ်စွာသုတ်လိမ်းထားသော သစ်စေးအတွင်းတွင် ဖန်(မှန်)၊ ကြွေ၊ ကျောက်သလင်း၊ ခရုခွံ၊ ပုလဲ၊ ဘော်ကြယ်၊ ရွှေဆိုင်းတို့ဖြင့် မြှုပ်နှံထည့်သွင်းကာ လှပစွာစီရင်ထားသော ယွန်းထည်ဖြစ်သည်။ မြန်မာဘုရင်များလက်ထက်တွင် ရာထူးဌာန အဆောင်အယောင်ကို ပြသသည့် မင်းခမ်းမင်းနားပစ္စည်းများအဖြစ် အသုံးပြုခဲ့ကြပါသည်။ ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမားကာ ပြုလုပ်ရန် အချိန်များစွာလိုအပ်သဖြင့် မြန်မာ့ယွန်းထည်များထဲတွင် တန်ဖိုးအကြီးမားဆုံး ယွန်းထည်လည်း ဖြစ်ပါသည်။


မှန်စီရွှေချယွန်းထည်ကို တွေ့ရစဉ်။

**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ လက်ဆောင်ပေးခဲ့သော မြန်မာ့ယွန်းထည်များ**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၏ ခရီးစဉ်အတွင်းတွင် အခြားနိုင်ငံမှ ခေါင်းဆောင်များအား မြန်မာမှု လက်မှုလက်ရာထဲတွင် အကောင်းဆုံးဟု ဖော်ပြနိုင်မည့် ယွန်းထည်များအား လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်ကို တွေ့မြင်ရပါသည်။ အိမ်ရှင်ဖြစ်သည့် ဘယ်လာရုစ်သမ္မတကြီးအား ပေးအပ်သည့် ဝေဿန္တရာဇာတ်တော်ရုပ်စုံ ယွန်းဆွမ်းအုပ်သည် မြန်မာလူမျိုးတို့၏ အနုပညာလက်ရာတင်မက ဗုဒ္ဓဘာသာအပေါ် ယုံကြည်ကိုင်းရှိုင်းမှုကို ဖော်ပြသည့် လက်ဆောင်ပစ္စည်းဖြစ်ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးအား ပေးအပ်ခဲ့သည့် ကုန်းဘောင်ခေတ် လူနေမှုဘဝရုပ်စုံ ဆွမ်းအုပ်ဆိုပါက မြန်မာတို့သည် ယဉ်ကျေးသော လူမျိုးဖြစ်ရုံမက ကြီးကျယ်ခမ်းနားသည့်သမိုင်းကို ပိုင်ဆိုင်သည်ဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်နိုင်သည့် လက်ဆောင်ပစ္စည်းဖြစ်ပါသည်။

ကာဇက်စတန်နိုင်ငံသမ္မတအား ပေးအပ်ခဲ့သည့် ဆင်ရုပ်စုံဆွမ်းအုပ်ဆိုပါက မြန်မာ့ယွန်းပညာ၏ အနုစိတ်ကျနသောလက်ရာကို ဖော်ပြနိုင်သည့် လက်ဆောင်ပင် ဖြစ်ပါသည်။

ကျူးဘားနိုင်ငံသမ္မတအား ပေးအပ်ခဲ့သော ဆယ်နှစ်လရာသီရုပ်စုံ ဆွမ်းအုပ်သည် မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ဆယ့်နှစ်ရာသီပွဲတော်များ အကြောင်း ဖော်ပြထားသည့် လက်ဆောင်ကောင်း ဖြစ်ပါသည်။

ဘူရားတီးနားပြည်နယ် အကြီးအကဲထံ ပေးအပ်ခဲ့သော ဂြိုဟ်ကြီးရှစ်ခွင် ယွန်းဆွမ်းအုပ်သည် မြန်မာလူမျိုးတို့၏ ယုံကြည်မှုနှင့် အစဉ်အလာများထဲမှ တစ်ခုဖြစ်သော ဇာတာတွက်ချက်သည့် နည်းလမ်းကို ယနေ့အထိ ထိန်းသိမ်းထားနိုင်ခြင်း ဖြစ်သည်ကို ပြသနိုင်သည့် လက်ဆောင်ဖြစ်ပါသည်။

အဆိုပါ ယွန်းထည်လက်ဆောင်များသည် ငွေကြေးတန်ဖိုးထက်ပင် ယဉ်ကျေးမှုအစဉ်အလာနှင့် အနုပညာတန်ဖိုး ပိုမိုကြီးမားသည့် လက်ဆောင်များဖြစ်သဖြင့် နိုင်ငံတကာခေါင်းဆောင်များ နှစ်ခြိုက်စွာ လက်ခံခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု လက်ရာများပင် ဖြစ်ပါသည်။

ခရီးစဉ်အတွင်း နိုင်ငံတကာခေါင်းဆောင်များကိုသာမက အာရှ-ဥရောပ စီးပွားရေးဖိုရမ်သို့ တက်ရောက်လာသော တာဝန်ရှိသူများ၊ မိတ်ဆွေများအတွက်လည်း မြန်မာ့ရိုးရာယွန်းပညာနှင့် လှပစွာတန်ဆာဆင်ထားသော ကလပ်များ၊ လက်ဖက်အုပ်များ၊ ယွန်းပန်းချီများအား ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌပေးအပ်ခဲ့သော လက်ဆောင်များတွင် ရှေးရိုးအစဉ်အလာ ယွန်းထည်များအပြင် ခေတ်နှင့်လျော်ညီစွာ ဆန်းသစ်တီထွင်ထားသည့် ယွန်းထည်သေတ္တာများနှင့် လက်ဖက်အုပ်များ ပါဝင်သည်ကို တွေ့ရှိရပါသည်။ မြန်မာ့ယွန်းထည်များသည် ၂၀၁၀ ပြည့်နှစ်ကတည်းကပင် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိရာ အခြားနိုင်ငံများမှ ယွန်းထည်များနှင့်မတူ ခြားနားစွာလှပသည့်အနုပညာပစ္စည်းများဖြစ်သည်။ ဥရောပဈေးကွက်တွင် တန်းဝင်သည့် တန်ဖိုးကြီးလက်မှုပစ္စည်းများအဖြစ် နာမည်ကျော်ကြားပါသည်။

မြန်မာ့ယွန်းထည်များတွင် များသောအားဖြင့် နီညိုရောင်၊ ရွှေရောင်၊ အစိမ်း၊ အဝါကဲ့သို့သော အရောင်များကို အဓိကအသုံးပြု လုပ်ဆောင်ပြီး ကနုတ်ပန်းခက်များ၊ ပန်းချီပုံများဖြင့် တန်ဆာဆင်ကြလေ့ရှိပါသည်။ ယနေ့ခေတ်တွင် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာသဖြင့် ဝယ်သူများက မိမိတို့၏ စိတ်ကြိုက်ပုံစံကို ရွေးချယ်ဝယ်ယူနိုင်လေရာ ထုတ်လုပ်သူများကလည်း ဝယ်ယူသူ၏အကြိုက်ပေါ်မူတည်ကာ ထုတ်လုပ်မှုပုံစံများ ပြောင်းလဲထုတ်လုပ်ရန်လိုအပ်ပါသည်။ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လက်ဆောင်အဖြစ် ပေးအပ်ခဲ့သော ယွန်းထည်များတွင် ဥရောပသားများ နှစ်သက်သည့် ဒီဇိုင်းပုံစံများအပြင် ရိုးရှင်းလှပသော ရှေးရိုးအစဉ်အလာ ယဉ်ကျေးမှုလက်ရာများကို တွေ့ရှိခဲ့ရသည်ဖြစ်ရာ မြန်မာ့ယွန်းထည်လုပ်ငန်းနှင့် ရှေးရိုးအစဉ်အလာ အနုပညာလက်ရာများ၏ အဆင့်အတန်းမြင့်မားပုံကို နိုင်ငံတကာသို့ ပြသနိုင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ **(ဆက်လက်ဖော်ပြပါမည်)**













- ❖ **နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ခရီးစဉ်အတွင်းတွင် အခြားနိုင်ငံမှ ခေါင်းဆောင်များအား မြန်မာမှု လက်မှုလက်ရာထဲတွင် အကောင်းဆုံးဟု ဖော်ပြနိုင်မည့် ယွန်းထည်များအား လက်ဆောင်အဖြစ် ပေးအပ်ခဲ့**
- ❖ **ပေးအပ်ခဲ့သော ယွန်းထည်များတွင် ဥရောပသားများ နှစ်သက်သည့် ဒီဇိုင်းပုံစံများအပြင် ရိုးရှင်းလှပသော ရှေးရိုးအစဉ်အလာ ယဉ်ကျေးမှုလက်ရာများကို တွေ့ရှိခဲ့ရသည်ဖြစ်ရာ မြန်မာ့ယွန်းထည်လုပ်ငန်းနှင့် ရှေးရိုးအစဉ်အလာ အနုပညာလက်ရာများ၏ အဆင့်အတန်းမြင့်မားပုံကို နိုင်ငံတကာသို့ပြသနိုင်ခဲ့**



# ဒုတိယဝန်ကြီး ဦးအေးထွန်း ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ တန်ဆောင်းများ မွမ်းမံပြီးစီးမှုနှင့် ကမ္ဘာအေးကုန်းမြေရှိ ကျောင်းဆောင်ကြီးလေးဆောင် အဆင့်မြှင့်တင်မွမ်းမံခြင်း (PHASE-II)ဆောင်ရွက်ရန် ပြင်ဆင်နေမှုကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၄

သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ တန်ဆောင်းများ မွမ်းမံပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် စေတီတော်ရင်ပြင်အထက်ပစ္စယံစေတီအရံများ ရွှေဆိုင်းအသစ်ကပ်လှူရန် ဆောင်ရွက်နေမှုနှင့် စေတီတော်ကြီးဖိနပ်ခုံဆေးသုတ်ရန်စီစဉ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကရုံးအစည်းအဝေးခန်းမ၌ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဌာနမှူးများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် စေတီတော်ရင်ပြင်ဆီမီးခုံများရှိ မြန်မာမှုစဥ့်ပန်းများ ထိန်းသိမ်းဆောင်ရွက်နေမှု၊ အနောက်ဘက်စောင်းတန်းရင်ပြင် မှန်စီရွှေချတိုင်လုံးများရှိ အလှူရှင်ကမ္ဘည်း ကြေးပြားများ ရောင်တော်ဖွင့်ဆောင်ရွက်နေမှု၊ ချမ်းသာကြီးတန်ဆောင်းနှင့် ဦးဘိုးသောင်းတန်ဆောင်းအတွင်းရှိ တိုင်လုံးများတွင် အင်္ဂတေဖောင်းကြွပန်းများဖြင့် မြန်မာမှုဆန်ဆန် ပြုပြင်ဆောင်ရွက်နေမှုနှင့် ဦးဝိဇ္ဇာ+ဒေါ်မင်းပု တန်ဆောင်းရှိကြမ်းခင်းများ ပြုပြင်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေသာသနာရေးဦးစီးဌာန သာသနာရေးရာနှင့် ဝိနိစ္ဆယဌာနခွဲ သန္နိသုခခန်းမ၌ ကမ္ဘာအေးကုန်းမြေရှိ ဥတ္တရကုရု၊ ပုဗ္ဗဝိဒေဟ၊ ဇမ္ဗူဒီပ၊ အပရဂေါယာန ကျောင်းဆောင်ကြီးလေးဆောင် အဆင့်မြှင့်တင်မွမ်းမံခြင်း(PHASE–II)လုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် သက်ဆိုင်ရာလုပ်ငန်းတာဝန်ခံများက လုပ်ငန်းဆောင်ရွက်မှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများအား စာပေပညာရပ်များ သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၆၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယမန်နေ့တွင် ကျောင်းသား ကျောင်းသူ ၆၁ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်းကျောင်းသား ကျောင်းသူ ၈၁၄၆ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၂၈ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူ ၂၉ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၄၉ ဦးအား ဝက်သက်ရောဂါ၊



တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၄၉ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တောင်ဥက္ကလာပမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန် တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း သစ္စာချမ်းမြေ့ခန်းမဆောင်၌ ကျင်းပသည်။



ဦးစွာ အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်မို့မို့ဟန်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေနှင်းက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ဆက်လက်၍ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာမ မြမဥ္ဇူဝေ(ကျုံမငေး)က စာဖတ်ရှိန်မြှင့်တင်ရေး ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ လူငယ်နှင့်စာပေ၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် အားကစား ခေါင်းစဉ်များဖြင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများက ဆွေးနွေးကြသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဂိမ်းကစားနည်းပြိုင်ပွဲများ၊ အသိပညာပေးနံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲများကျင်းပရာ ကျောင်းသား ကျောင်းသူ ကလေးငယ်များက စိတ်ပါဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ကြသည်။ အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

# ကဝမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး

ကဝ ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်း၊ နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၀ နာရီက အမက (လွှန်) ကြာတောကျောင်း၌ ပြုလုပ်သည်။



ဦးစွာ တာဝန်ခံဆရာမကြီး ဒေါ်သီတာမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာထောက်-၃ ဒေါ်ချိုချိုစန်းလွင်က ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးပြီး ထူးချွန်ထက်မြက်သူများဖြစ်လာစေရန်၊ သိသင့်သိထိုက်သည့် အကြောင်းအရာများကို သိရှိနိုင်ရန်အတွက် ကျောင်းစာအပြင် ပြင်ပဗဟုသုတစာများကို ဖတ်ကြရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အား အသိပညာတိုးပွားစေမည့် ရုပ်ပုံပြဇာတ်နှင့်ရုပ်ပုံပါ ပုံပြင်စာအုပ်များဖြင့် ပုံပြင်ပြောပြခြင်း၊ စာအုပ်များအား ဖတ်ရှုစေခြင်းတို့ ဆောင်ရွက်ခဲ့ပြီး မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ရဲဇော်ဟိန်း(ပြန်/ဆက်)

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၅) အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၄)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်နှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအသင်းအဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဟိုတယ်အဆောက်အဦးတည်ဆောက်ခွင့် နှစ်ခု၊ ဟိုတယ်လုပ်ငန်း လိုင်စင်သုံးခု၊ တည်းခိုရိပ်သာ(မိုတယ်) လုပ်ငန်းလိုင်စင် တစ်ခု၊ သက်တမ်းတိုးနှင့် ဝန်ဆောင်မှု ၅၆ ခု၊ တည်းခိုဆောင်လုပ်ငန်းလိုင်စင် တစ်ခု၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်(ပြည်ဝင်) သက်တမ်းတိုး ၁၇၇ ခု၊ (ပြည်ပ) ၇၁ ခု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုမိန့်နှင့် ထုတ်ပေးထားသည့် ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် (ပြည်ဝင်) ၃၆ ခုနှင့် (ပြည်ပ) ၃၄ ခု တို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေး website လွှင့်တင်ရေး၊ တိုင်းဒေသကြီးခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အပါအဝင် ခရီးသွားလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်းနှင့် လုပ်ငန်းလိုင်စင်ခွင့်ပြုပေးခဲ့သည့် ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ ဟိုတယ်လုပ်ငန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုပမာဏငွေကျပ် သန်းပေါင်း ၁၇၅၀၀ နှင့် လုပ်သားအင်အား ၅၈ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများသည် ရန်ကုန်-ပဲခူးလမ်းပိုင်း အမှတ်(၁၃) အစုန် DEMU လူစီးရထားပေါ်တွင် စီးနင်းလိုက်ပါသည့် ခရီးသွားပြည်သူများနှင့်အတူ ရန်ကုန်ဘူတာမှ ဒါးပိန်ဘူတာအထိ ရထားလမ်းပိုင်းတစ်လျှောက် လိုက်ပါ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ရထားလမ်းပိုင်းကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ရထားတွဲဆိုင်းများအတွင်း ခရီးသွားများ လိုက်ပါစီးနင်းမှု၊ ရထားဖြင့် သွားလာလျက်ရှိသည့် ခရီးသွားများ ရထားစီးနင်းရာတွင် စိတ်အေးချမ်းသာစွာဖြင့် စီးနင်းလိုက်ပါနိုင်ရေး မြန်မာ့မီးရထားမှ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လိုအပ်သည်များ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ရထားလမ်းဘေး ဝဲ/ယာရှိ စိုက်ပျိုးရေးလုပ်ငန်းများနှင့် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ထားရှိမှု၊ ရထားစီးနင်းနေစဉ် ရပ်နားသည့်ဘူတာများတွင် ခရီးသွားများ အဆင်ပြေချောမွေ့နိုင်စေရေး ဆောင်ရွက်ထားရှိမှုနှင့် ရထားစက်ခေါင်းတွင် အန္တရာယ်ကင်းရှင်းစွာဖြင့် မောင်းနှင်နေမှုနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒါးပိန်ဘူတာ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**




# သုံးခွမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်စကားဝိုင်း ကျင်းပ



**သုံးခွ ဩဂုတ် ၁၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို သုံးခွမြို့နယ် ရှမ်းစုကျေးရွာ အထက(ခွဲ) ကျောင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးလှမျိုးထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးက ဦးဆောင်ပြီး ရှမ်းစုကျေးရွာ အထက(ခွဲ)မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်မူးယစ်ဆေးစသည့်ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပုံပြင်ပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

# ခရမ်းမြို့နယ်၌ လူငယ်ရေးရာဟောပြောပွဲ၊ လူငယ်စကားဝိုင်း၊ ပုံပြောပြိုင်ပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**ခရမ်း ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် လူငယ်ရေးရာဟောပြောပွဲ၊ လူငယ်စကားဝိုင်း၊ ပုံပြောပြိုင်ပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများနှင့် ဂိမ်းကစားပြိုင်ပွဲများကို ယမန်နေ့နံနက်ပိုင်းက ခရမ်းမြို့ အထက (ညောင်ပင်ကွင်း) ကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် အထက (ညောင်ပင်ကွင်း) ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ကျောင်းသူများက လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် ဆိုရှယ်မီဒီယာ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။

ထို့နောက် ပုံပြင်ပြောပြိုင်ပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ ဂိမ်းကစားပြိုင်ပွဲများ ဆက်လက်ကျင်းပရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ပြီး ကျောင်းသား ကျောင်းသူများက ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**



# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ပြပွဲ ပြိုင်ပွဲများ ပြုလုပ်

**ရန်ကုန် ဩဂုတ် ၁၄**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)နှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲနှင့် ပြပွဲ ပြိုင်ပွဲ အခမ်းအနားများကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက အမက (၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် အမက(၁၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှရီက အဖွင့်အမှာစကားပြောကြား၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာမိုလ်သံမဏိ-တောင်တွင်းကြီး)နှင့် အင်းစိန်မြို့နယ်စာရေးဆရာအသင်း အတွင်းအရေးမှူး ဦးတင်ဌေးအောင် (ရန်မိုးအောင်-အင်းစိန်)တို့က ဆွေးနွေးဟောပြောကြကာ ဟောပြောသော စာရေးဆရာများနှင့် ပိန္နဲကုန်းစာကြည့်တိုက် ဥက္ကဋ္ဌနှင့် အမှုဆောင်များက ကျောင်းစာကြည့်တိုက်အတွက် ဗဟုသုတရဖွယ် သုတ၊ ရသ စာအုပ်များ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် စာဖတ်စွမ်းရည် ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲများကို ဆက်လက်ပြုလုပ်၍ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ကရင်ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မတီ အစည်းအဝေးကျင်းပ

**ဘားအံ ဩဂုတ် ၁၄**

ကရင်ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးရေးကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် စိုက်ပျိုးပြီးမိုးစပါးဧက ၁၈၆၆၅ ဧကကျော် ထိခိုက်ပျက်စီးခဲ့ရပြီး အချိန်မီ ပြန်လည် ထွန်ယက်စိုက်ပျိုးနိုင်ရေးနှင့် ကုစားမှုများ ဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ကော်မတီဝင်များက ယခင် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုနှင့် ပြည်နယ်စီးပွားရေးရာ ဝန်ကြီးက သီးနှံအာမခံလျော်ကြေးငွေနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး တာဝန်ရှိသူများက ၂၀၂၅ - ၂၀၂၆ ခုနှစ် သီးနှံ ၁၀ မျိုး စိုက်ပျိုးထုတ်လုပ်မှု၊ ယခင်နှစ် စိုက်ပျိုးထုတ်လုပ်မှုအပေါ် နှိုင်းယှဉ်ချက်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် မိုးသီးနှံထိခိုက်ပျက်စီးမှု၊ ပြန်လည်စိုက်ပျိုးမည့်အစီအစဉ်နှင့် ပြီးစီးမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဘားအံစက်မှုဇုန်၌ Bajaj အမှတ်တံဆိပ် သုံးဘီးလူစီးယာဉ်များ တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော Precision Auto Engineering Co.,Ltd. ၏ Managing Director Mr Vikram Krishna နှင့် အဖွဲ့အား လက်ခံတွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ကိုင်နိုင်ရေး၊ EV ထုတ်လုပ်တပ်ဆင်နိုင်ရေး၊ ဒေသတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာ အသိပညာပေး ဆွေးနွေးပွဲများ၊ သင်တန်းများဖွင့်လှစ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး Mr Vikram Krishna က ကရင်ပြည်နယ်သဘာဝဘေး(ရေကြီးရေလျှံမှု)အတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး နှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း ပြည့်စုံကောင်းမွန်ရန် အထူးလိုအပ်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ စိုက်ပျိုးရေးနှင့် ခေတ်မီစိုက်နည်းစနစ်များ ပံ့ပိုးကူညီရန်လိုအပ်သကဲ့သို့ တောင်သူများအနေဖြင့်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးများက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ မိုးသီးနှံစိုက်ပျိုးပြီးစီးမှုနှင့် ဆောင်းသီးနှံလျာထားဧကပြည့်မီအောင် စိုက်ပျိုးရေးလုပ်ငန်းစီမံချက်ကိုလည်းကောင်း၊ တိုင်းဒေသကြီးအဆင့် စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့ဝင်များက မိုးသီးနှံရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး လုပ်ငန်းစီမံချက်ကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးက မိုးသီးနှံများ ရေကြီးနစ်မြုပ်မှုနှင့် ပိုးမွှားရောဂါကြောင့် အထွက်နှုန်းထိခိုက်မှုမရှိစေရေး ကြိုတင်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




# ဇမ္ဗူသီရိမြို့နယ်၌ မိုးစပါးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဩဂုတ် ၁၄**

နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးသည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးသည် တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့နယ် သက္ကယ်ချင်းကျေးရွာရှိ တောင်သူများ၏ လယ်ယာမြေများအတွင်း ကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် အလျင်လိုကျေးရွာသို့ ရောက်ရှိပြီး တောင်သူများ၏ ထိုင်းနှံကောက်စပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကာ စပါးစိုက်တောင်သူများအနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်းလမ်းများ မှန်ကန်အောင် ဆောင်ရွက်နိုင်ရေး၊ သီးနှံများ ပန်းတိုင် အထွက်နှုန်းထက် ကျော်လွန်ထွက်ရှိနိုင်ရေး၊ မိုးစပါးစိုက်ခင်းများအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျတူးဖော်ဆောင်ရွက်ထားရှိရေး၊ စိုက်ကွင်းများတွင် ပေါင်းမြက်များ အချိန်မီရှင်းလင်းနိုင်ရေးတို့ကို စနစ်တကျဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စိုက်ခင်းများအတွင်း ရေကြီးနစ်မြုပ်မှုမရှိစေရေး၊ စိုက်ပျိုးရေပေးဝေနေသည့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေအတွက် ရေမြောင်းများအတွင်း အမှိုက်များ ရှင်းလင်း ဆောင်ရွက်ထားရှိရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကို အချိန်ကိုက်အချိုးကျ အသုံးပြုစေရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန် လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**



# ပျော်ဘွယ်မြို့နယ်၌ စိုက်ပျိုးထားသည့်မိုးကြိုဝါ အောင်မြင်ဖြစ်ထွန်းကာ စတင်ခူးဆွတ်လျက်ရှိ

**ပျော်ဘွယ် ဩဂုတ် ၁၄**

ပျော်ဘွယ်မြို့နယ်အတွင်းရှိ သမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားသည့် မိုးကြိုဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကာ စတင်ခူးဆွတ်နေမှုကို မြို့နယ်သမဝါယမဦးစီးဌာနမှတာဝန်ရှိသူများက ဩဂုတ် ၁၂ ရက် ညနေပိုင်းက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဦးစွာ သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိရတနာထွန်းက မိုးကြိုဝါများစံနှုန်းပြည့်မီစွာ ထွက်ရှိနိုင်ရန်အတွက် အထူးဂရုပြုရမည့်အချက်များ၊ ယခုဝါများထွက်ရှိချိန်တွင် အသင်းသားတောင်သူများ ဈေးကောင်းရရှိစေရန်ဝါဝယ်ဒိုင်များနှင့်ချိတ်ဆက်ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

မြို့နယ်သမဝါယမဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ မိုးကြိုဝါစိုက်ပျိုးမည့် သမဝါယမအသင်းကိုးသင်းမှ ဝါစိုက်ဧက ၆၀၀ အတွက် B-31 မျိုးစေ့နှင့်သွင်းအားစုများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

လွိုင်ကော် ဩဂုတ် ၁၄

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်တက္ကသိုလ် ပင်မဆောင်အစည်းအဝေးခန်းမ၌ လွိုင်ကော်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်အတွင်းရှိ လူငယ်မောင်မယ်များ ပညာရေးနောက်ကျမှုမရှိစေရေး လွိုင်ကော်တက္ကသိုလ် အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိပြီး ပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများ၏ အခက်အခဲနှင့် လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ကျရာတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်နှင့် အဝေးသင်နှင့် နေ့သင်တန်းများဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးကာ ဆန်၊ ဆီနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် လွိုင်ကော်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ တက္ကသိုလ်စားသောက်ဆိုင်တန်းအဆောက်အအုံ၊တက္ကသိုလ်အဝင်မုခ်ဦးနှင့် အုတ်တံတိုင်းခြံစည်းရိုးများ ပြန်လည်ပြုပြင်ပြီးစီးမှုကိုလည်းကောင်း၊ ဘဲကန်ရေတံခါးတည်ဆောက်နေမှုနှင့် ပြည်နယ်အတွင်းရှိ ချောင်း၊ မြောင်းနှင့် ရေကန်များ ရေလမ်းကြောင်း ရှင်းလင်းဆောင်ရွက်နိုင်ရန်အတွက် ကုန်းရေနှစ်သွယ်မြေတူးယာဉ်နှင့် စက်ယန္တရားများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေါဠခူရပ်ကွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးနှင့် နှစ်ခန်းတွဲတစ်ထပ် ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ နောင်ယားကန်အတွင်း ရေဝင်ရောက်မှု၊ နောင်ယားကန်တံတားရေရှည်အသုံးပြုနိုင်ရေး ပြုပြင်ရန်လိုအပ်မှု၊ ကန်နှင့် ကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■



# ကလေးမြို့၌ ချက်ပြုတ်နိုင်မှုစွမ်းရည်ပြိုင်ပွဲ ကျင်းပ

ကလေး ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကလေးခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် ချက်ပြုတ်နိုင်မှုစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာခိုင်က အမှာစကား ပြောကြားသည်။ ထို့နောက် ချက်ပြုတ်နိုင်မှုစွမ်းရည်ပြိုင်ပွဲဝင် အဖွဲ့သုံးဖွဲ့မှ ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ တာဝန်ရှိသူများသည် ကလေးမြို့ အောင်သစ္စာရပ်ကွက်ရှိ မူကြိုကျောင်းသို့သွားရောက်၍ ငါးနှစ်အောက် ကလေး ၂၀ အား နံနက်စာထမင်းနှင့် နေ့လယ်စာအာဟာရများ ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က တောင်ဒဂုံ စက်မှုဇုန်(၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အခွန်အထောက်အကူပြုအဖွဲ့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းလင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နန္ဒာဝင်းက အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် စုစုပေါင်း ၁၀၆ ဦး တက်ရောက်ကြောင်း သိရသည်။

**နေမျိုးအောင်**





# ပင်းတယမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပင်းတယ ဩဂုတ် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အိမ်ပုကျေးရွာတွင် ယနေ့နံနက် ၉ နာရီက ပင်းတယမြို့နယ်သစ်တောဦးစီးဌာန မြို့နယ်သစ်တောဦးစီးမှူး ဦးခန့်မင်းမော်က ဦးဆောင်၍ ဒုတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ခါတော်မီ၊ ချယ်ရီ၊ စိန်ပန်းနီနှင့် စိန်ပန်းပြာ စုစုပေါင်း ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **အောင်ကိုဦး(ပြန်/ဆက်)**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၁၄

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၁၄

၂၀၁၆ ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့တွင် ကျရောက်မည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား "လှပသာယာ ပြည်မြန်မာ" ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရပါမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက်အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD)ကို တစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် မီဒီယာများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။ ကိုယ်တိုင်ရိုက်ကူးထားသောပုံဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁-၁၀-၂၀၁၅ ရက်နေ့ ညနေ(၄)နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၃၃၄၂၊ ၀၁-၈၃၈၄၈၁၃ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၆) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက အသုံးအဆောင်ပစ္စည်းများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**






# ကွန်ဟိန်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော် ဩဂုတ် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရပြည့် စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တိုက်ကြီးမြို့နယ်၌ ပိုက်ဆံလျှော်သီးနှံစိုက်ပျိုးရေးလှုံ့ဆော်မှု ကွင်းသရုပ်ပြ

တိုက်ကြီး ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လယ်ယာကန်သင်းနှင့် သီးနှံမစိုက်ပျိုးနိုင်သော မြေများတွင် ပိုက်ဆံလျှော်သီးနှံစိုက်ပျိုးရေး လှုံ့ဆော်မှု ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၈ နာရီက ကျိုက်စကိုင်းကျေးရွာ တောင်သူဦးစိုးဝင်းမောင်၏ လယ်မြေ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသူအောင်က ပိုက်ဆံလျှော်သီးနှံအား သစ်စိမ်းမြေဩဇာအဖြစ် တွင်တွင်ကျယ်ကျယ် စိုက်ပျိုးအသုံးချရေး ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်စိုးက ပိုက်ဆံလျှော်သီးနှံအား မျိုးစေ့ထုတ်လုပ်စုဆောင်း၍ သစ်စိမ်းမြေဩဇာအဖြစ် အသုံးချခြင်းဖြင့် တောင်သူများ၏ စိုက်ပျိုးမြေဆီလွှာများတွင် ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိတိုးတက်စေနိုင်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က မိုးစပါးရိတ်သိမ်းပြီးချိန် သစ်စိမ်းမြေဩဇာ ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ပိုက်ဆံလျှော်၏အကျိုးရလဒ် ပိုမိုပြည့်ဝစွာ ရရှိနိုင်ပြီး နွေစပါးအတွက် ပုလဲဓာတ်မြေဩဇာ အသုံးပြုမှု လျှော့ချနိုင်ခြင်းဖြင့် မြေဆီလွှာ ဖွံ့ဖြိုးမှုရလဒ်များ ပိုမိုကောင်းမွန်စေနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့်တောင်သူတစ်ဦးက မိမိတို့လယ်ယာမြေရှိ လယ်ကန်သင်းများ၌ သစ်စိမ်းမြေဩဇာပိုက်ဆံလျှော်ပင် ထည့်သွင်းစိုက်ပျိုးခြင်း၏ အကျိုးရလဒ်ကို မျှဝေဆွေးနွေးပြီး စိုက်ပျိုးရေးဦးစီးဌာနက ပိုက်ဆံလျှော်သီးနှံကြဲပက်ခြင်းကို သရုပ်ပြသခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တောင်ကိုရီးယားသမ္မတ လီဂျေမြောင် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်မည်

ဆိုးလ် ဩဂုတ် ၁၄

တောင်ကိုရီးယားသမ္မတ လီဂျေမြောင်သည် ဩဂုတ် ၂၃ ရက်တွင် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် သမ္မတ တာဝန်စတင်ထမ်းဆောင်ပြီးနောက် ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်မည့် ခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။

တောင်ကိုရီးယားသမ္မတ လီဂျေမြောင်နှင့် ဂျပန်ဝန်ကြီးချုပ် အီရှီဘာတို့က ဩဂုတ် ၂၃ ရက်တွင် တိုကျိုမြို့တော်၌ တွေ့ဆုံကာ နှစ်နိုင်ငံကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း ဂျပန်အစိုးရသတင်းရင်းမြစ်များက ပြောသည်။

ဂျပန်ဝန်ကြီးချုပ် အီရှီဘာက သမ္မတ လီဂျေမြောင်နှင့် ယုံကြည်ခိုင်မာမှုရှိသော ဆက်ဆံရေးကို တည်ဆောက်ရန်၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် လည်ပတ်ခြင်းဖြင့် နီးကပ်သောဆက်ဆံရေးကို မြှင့်တင်ရန် ထပ်လောင်းအတည်ပြုမည်ဖြစ်ကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်**

ထို့ပြင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပုံမှန်ပြန်လည်ထူထောင်ရေး နှစ် ၆၀ ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စီးပွားရေးနှင့် ပြည်သူအချင်းချင်းဖလှယ်ရေးမှအစပြု၍ နယ်ပယ်အသီးသီးတွင် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားရန် ဂျပန်ဝန်ကြီးချုပ် အီရှီဘာက မျှော်မှန်းထားကြောင်း သိရသည်။

ခေါင်းဆောင်နှစ်ဦးက အမေရိကန်ပြည်ထောင်စုနှင့် လက်တွဲလုပ်ဆောင်ပြီး သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ လီဂျေမြောင်က အခိုင်အမာမျှော်လင့်ထားသည်။

ဇွန်လတွင် ဂျပန်ဝန်ကြီးချုပ် အီရှီဘာနှင့် တောင်ကိုရီးယားသမ္မတ လီဂျေမြောင်တို့သည် ကနေဒါနိုင်ငံ၌ ကျင်းပသည့် စက်မှုထိပ်သီးခုနစ်နိုင်ငံ (ဂျီ ၇) ထိပ်သီးအစည်းအဝေး၏ ပြင်ပအစည်းအဝေးတွင် ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင် တွေ့ဆုံခဲ့ကြသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**


ဂျပန်ဝန်ကြီးချုပ် အီရှီဘာ


တောင်ကိုရီးယားသမ္မတ လီဂျေမြောင်

# အမေရိကန်က တရုတ်နိုင်ငံအပေါ် အခွန်တိုးမြှင့်ကောက်ခံရန် သတ်မှတ်ထားသည့် နောက်ဆုံးရက်ကို ရက်ပေါင်း ၉၀ သက်တမ်းတိုး

ဝါရှင်တန် ဩဂုတ် ၁၄

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တရုတ်နိုင်ငံအပေါ် အခွန်တိုးမြှင့်ကောက်ခံရန် သတ်မှတ်ထားသည့် နောက်ဆုံးရက်ကို ရက်ပေါင်း ၉၀ သက်တမ်းတိုးရန် လက်မှတ်ရေးထိုးခဲ့ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

အလားတူ တရုတ်နိုင်ငံက အမေရိကန်အပေါ် အခွန်ကောက်ခံမည့်အစီအစဉ်များကို ရက်ပေါင်း ၉၀ ကြာရပ်ဆိုင်းရန် ကြေညာခဲ့သည်။ နှစ်နိုင်ငံကုန်သွယ်မှုနှင့် အခြားသော ကိစ္စရပ်များကို ဆက်လက်ညှိနှိုင်းရန် မျှော်လင့်ထားကြောင်း သိရသည်။

နှစ်နိုင်ငံအစိုးရက ၎င်းတို့၏ကုန်ပစ္စည်းများအပေါ် ၁၀၀ ရာခိုင်နှုန်းထက်ကျော်လွန် အခွန်စည်းကြပ်ရန် ယခုနှစ်အစောပိုင်းတွင် အပြန်အလှန်ကြေညာခဲ့သော်လည်း ယခုအချိန်တွင် အခွန်တိုးမြှင့်ကောက်ခံမည့် နောက်ဆုံးရက်ကို ရက်ပေါင်း ၉၀ သက်တမ်းတိုးရန် ကြေညာခဲ့သည်။




အမေရိကန်နှင့် တရုတ်တို့သည် အကောက်ခွန်နှုန်းထားများကို မေလမှစပြီး ဩဂုတ် ၁၂ ရက်အထိ လျှော့ချကောက်ခံခဲ့သည်။ ယခု ရက်ပေါင်း ၉၀ ထပ်မံသက်တမ်းတိုးခဲ့သည့်အတွက် နှစ်နိုင်ငံအပြန်အလှန် အကောက်ခွန်ကောက်ခံခြင်းဆိုင်ရာ ဆိုင်းငံ့မှုသည် နိုဝင်ဘာ ၁၀ ရက်အထိ အကျုံးဝင်မည်ဖြစ်သည်။

သမ္မတ ဒေါ်နယ်ထရမ့်က တရုတ်နိုင်ငံနှင့်ဆက်ဆံရေးကောင်းမွန်ကြောင်း အလေးပေးပြောကြားခဲ့ပြီး တရုတ်နိုင်ငံက အမေရိကန်ထံမှ ပဲပုပ်ဝယ်ယူသည့် အမှာစာလေးဆခန့် ပိုမိုများပြားလာနိုင်ကြောင်း ၎င်း၏ ဆိုရှယ်မီဒီယာတွင် ရေးသားခဲ့သည်။

အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံ၏ ကုန်သွယ်မှုလိုငွေကို သိသိသာသာလျှော့ချရန် နည်းလမ်းတစ်ခုလည်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နှစ်နိုင်ငံအကြား ယခင်ဆွေးနွေးမှုများတွင် မြေရှားသတ္တုတင်ပို့မှုအပေါ် တရုတ်နိုင်ငံ၏ ကန့်သတ်ချက်များ ပါဝင်သည်။ ကမ္ဘာ့အကြီးဆုံး စီးပွားရေးနှစ်နိုင်ငံအနေဖြင့် ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို မည်သို့ဆွေးနွေးညှိနှိုင်း အဖြေရှာမည်ဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ သဘောတူညီမှုရရှိရန် ကြိုးပမ်း

ဂျီနီဗာ ဩဂုတ် ၁၄

ကမ္ဘာ့နိုင်ငံများက ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချရန် ရည်ရွယ်သည့် ကမ္ဘာ့ပထမဆုံးသော သဘောတူညီမှုတစ်ခု ရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ကုလသမဂ္ဂအဖွဲ့က ပလတ်စတစ် ညစ်ညမ်းမှုဆိုင်ရာ ညှိနှိုင်းရေးကော်မတီ အစည်းအဝေးများ ကျင်းပရန် ၂၀၂၂ ခုနှစ်တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

**ကျင်းပ**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ နိုင်ငံနှင့် ဒေသပေါင်း ၁၈၀ မှ ကိုယ်စားလှယ်များ ပါဝင်သည့် အစည်းအဝေးကို ဩဂုတ် ၅ ရက်မှ ၁၄ ရက် အထိ ကျင်းပခဲ့သည်။

ပလတ်စတစ် ထုတ်လုပ်မှုကို ကန့်သတ်ရမည်ဆိုသည့် စည်းမျဉ်းကို ဥရောပသမဂ္ဂနှင့် ပစိဖိတ်ကျွန်းနိုင်ငံများက တောင်းဆိုခဲ့သော်လည်း ဆော်ဒီအာရေဗျ အပါအဝင် ရေနံထုတ်လုပ်သည့်နိုင်ငံများက ယင်းစည်းမျဉ်းများကို ဆန့်ကျင်ခဲ့ကြောင်း သိရသည်။




သမ္မတထရမ့်အစိုးရလက်ထက် ပထမဆုံးအကြိမ် ပါဝင်ခဲ့သည့် အမေရိကန် ကိုယ်စားလှယ်အဖွဲ့ကလည်း အဆိုပါ ပလတ်စတစ်ထုတ်လုပ်မှုဆိုင်ရာ ကန့်သတ်ချက်များကို လက်ခံသဘောတူညီရန် တွန့်ဆုတ်နေခဲ့သည်။

ပလတ်စတစ် ထုတ်လုပ်မှုအပေါ် ကန့်သတ်ချက်များ မပါဝင်သည့် မူကြမ်းအသစ်ကို ဩဂုတ် ၁၃ ရက်တွင် အစည်းအဝေးသဘာပတိက တင်ပြခဲ့သည်။ ပလတ်စတစ် ထုတ်လုပ်မှုကို ကန့်သတ်ရန် တောင်းဆိုလျက်ရှိသည့် နိုင်ငံအများအပြားက ယင်းအဆိုပြုချက်ကို ပယ်ချခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂါဇာစီးတီးကို ထိန်းချုပ်ရန်အတွက် စစ်ဆင်ရေးအစီအစဉ်များ ဆောင်ရွက်ရန် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ အတည်ပြု

ဂျေရုဆလင် ဩဂုတ် ၁၄

အစ္စရေးကာကွယ်ရေး တပ်ဖွဲ့က ဂါဇာစီးတီးကို ထိန်းချုပ်နိုင်ရေးအတွက် စစ်ဆင်ရေးအစီအစဉ်များ ဆောင်ရွက်ရန် ယမန်နေ့တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ် အီယာဇာမာက အကြီးတန်း စစ်ဘက်နှင့် လုံခြုံရေးအရာရှိများနှင့် ဆွေးနွေးစဉ် အထက်ပါအတိုင်း ဆုံးဖြတ်ချက်ချခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပြီးနောက် အောက်တိုဘာ ၇ ရက်မှစပြီး ဂါဇာစီးတီးကို ထိန်းချုပ်ရန် စစ်ဆင်ရေး စတင်မည်ဖြစ်ကြောင်း အစ္စရေးမီဒီယာတစ်ခုက ဖော်ပြသည်။

လက်ရှိတွင် အစ္စရေးအစိုးရက ဟားမတ်စ်အဖွဲ့အား ဖိအားပေးလျက်ရှိသည်။

ဟားမတ်စ်က အီဂျစ်အစိုးရထိပ်တန်းအရာရှိများနှင့် တွေ့ဆုံဆွေးနွေးရန် ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲများသည် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းမှုများကို ပြန်လည်စတင်ရန် ရည်ရွယ်ကြောင်း အာရပ်မီဒီယာတစ်ခုက ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေး ဆိုင်ရာ ညှိနှိုင်းမှုများသည် ဇူလိုင်လနှောင်းပိုင်းမှ စတင်ကာ ရပ်တန့်ခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ရမည်းသင်းမြို့နယ်၌ မန္တလေးသို့သယ်ဆောင်မည့် ငွေကျပ် ၄ ဒသမ ၂၉ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၇၁ ဒသမ ၆ ကီလို သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၄

ရမည်းသင်းမြို့နယ်၌ မန္တလေးသို့သယ်ဆောင်မည့် ငွေကျပ် ၄ ဒသမ ၂၉ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၇၁ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် သတင်းအရ ရမည်းသင်းမြို့နယ် အင်တိုင်းကျေးရွာအုပ်စု ကင်းကျေးရွာအနီးတွင် တင်မိုး မောင်းနှင်သည့် BGO-11 9P-xxxx MAZDA BONGO ယာဉ်နှင့် ရာဇာထွန်း မောင်းနှင်သည့် SGG-20 8K-xxxx I ZONE ယာဉ်နှစ်စီးပေါ်သို့ ဘိန်းဖြူပါဆပ်ပြာခွက်များ ထုပ်ပိုးထားသည့် ပီနံအိတ်များတင်နေစဉ် ရှာဖွေစစ်ဆေးခဲ့ရာ ဒေသကာလတန်ဖိုးငွေကျပ် ၄ ဒသမ ၂၉ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၇၁ ဒသမ ၆ ကီလိုနှင့်အတူ တာဝန်ခံသယ်ဆောင်လာသူ တံတားဦးမြို့နယ်နေ ကျော်လွင်ဦးနှင့် ယာဉ်များပေါ်သို့ မူးယစ်ဆေးဝါးများ တင်ဆောင်ပေးသူများဖြစ်သည့် ကလောမြို့နယ်နေ ဖိုးပိုင်ပါ ၂၂ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိ ဘိန်းဖြူများကို ကလောမြို့နယ်မှ ရမည်းသင်းမြို့နယ်သို့ သယ်ဆောင်ခိုင်းသူမှာ ချစ်သူ (ဖမ်းဆီးရန်ကျန်တရားခံ) ဖြစ်ပြီး ၎င်း၏စေခိုင်းချက်အရ ဖိုးပိုင်ပါ ၂၂ ဦးတို့သည် ကလောမှ ရမည်းသင်းသို့ သယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ ရမည်းသင်းမှ မန္တလေးသို့ တာဝန်ခံသယ်ဆောင်ခိုင်းသူ ကြူကြူမြင့် (ဖမ်းဆီးရန်ကျန်တရားခံ) ဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၄

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၂ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၂၆၆၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၂၆၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ တရားမဝင် မီးသွေး ၁၀ ဒသမ ၂၁၂ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၆ မျိုး(ခန့်မှန်းတန်ဖိုးငွေ၃၆၂၈၈၀၂၁ ကျပ် )နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus နှစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၂၀၀၀၀၀၀)ကို လည်းကောင်း၊ ကျောက်ဆည်မြို့ ရေဝန်းကျေးရွာအနီး၌ လားရှိုးမှ မန္တလေးသို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၁၃ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၃၃၇၇၈၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Hino Profia Truck တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၇၁၆၂၅၈၀၁ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ညောင်ပင်စင်ကျေးရွာ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် လက်မ ၁၁၀ သံပိုက်လုံး ၁၀ လုံး အပါအဝင် ဆက်စပ်ပစ္စည်းခုနစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၆၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၃၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux နှစ်စီး၊ Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၃၈၉ တန်၊ အခြားသစ် ၁ ဒသမ ၆၀၁ တန်(ခန့်မှန်းတန်ဖိုးငွေ ၄၈၃၃၁၆ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၃၉၈၁၃၃၁၆ ကျပ်ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-ပဲခူး လမ်းဟောင်း သာယာအေးကျေးရွာအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၂၁၉၆၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Van တစ်စီး၊ Nissan Diesel Van တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀၀၀)ကို လည်းကောင်း၊ ပဲခူးမြို့အနီး ဝေါမြို့ အဗျားဘိုတဲကျေးရွာ၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၁၀၃၉၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး၊ Nidi Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀)ကို လည်းကောင်း၊ ပဲခူးမြို့အနီး ဘုရားကြီးမြို့ ဘုရားလေးကျေးရွာ ZTH ဆီဆိုင်၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၄၀၁၄၄၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Toe 12 Wheels Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၅၀၀၀၀၀၀) ကို လည်းကောင်း၊ အမှတ်(၂)လမ်းမကြီးအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၅၄၀၃၄၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့သစ်ရပ်ကွက် သစ်ခွလမ်း ရပ်ကွက် - ၃(ခ) ရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုတ္တမ(ရွှေပြည်သာ)ဆိပ်ကမ်း၌ ကော့သောင်းမှ ရန်ကုန်သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၆ မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၉၃၄၂၉၅၈၈)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Global-1 ရေယာဉ်တစ်စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂ မျိုး(ခန့်မှန်းတန်ဖိုးငွေ ၁၂၉၅၁၉၆ ကျပ်)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၄ မျိုး၊ လူသုံးကုန်ပစ္စည်း ကိုးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၄၂၇၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေ ၃၀၀၀၃၂၉၀၅၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၃ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့ယာဉ် ၂၄ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၄၁ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၄၉)မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၈၁၄၅၆၅၁၁)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်







မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၄-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၅-၈-၂၀၂၅ ရက်နေ့မှ ၁၇-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ

**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၊ (အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်တောင်ပိုင်း-အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေ)၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဩဂုတ် ၁၇ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ




**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၊ (အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်တောင်ပိုင်း-အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေ)၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဩရိဿပြည်နယ်တောင်ပိုင်း-အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်း ကမ်းရိုးတန်းဒေသများကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**



ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်လူမှုဖူလုံရေးရုံး၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက အလုံမြို့နယ်လူမှုဖူလုံရေးရုံးတွင်ပြုလုပ်ရာ အာမခံအလုပ်သမား ဦးဖြိုးထက်ဦး၏လုပ်ငန်းခွင်အတွင်း ထိခိုက်သေဆုံးမှုအတွက် ခံစားခွင့်ငွေကျပ် ၈၄၀၀၀၀၀ ကို သေဆုံးသူ၏ဇနီး ဒေါ်စန္ဒာထိုက်ထံရုံးခွဲတာဝန်ခံ၊ နယ်မြေတာဝန်ခံများရှေ့မှောက်၌ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ပခုက္ကူမြို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ပခုက္ကူ ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်ကြီးကြပ်မှုဖြင့် ပခုက္ကူခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကဦးဆောင်၍ ဩဂုတ် ၁၂ ရက်က ပခုက္ကူမြို့ပေါ်ရပ်ကွက်နှင့် အခြေခံပညာ ကျောင်းများသို့ ကွင်းဆင်း၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ပခုက္ကူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် ကော်မတီဝင်များ၊ ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ပညာရေးမှူးနှင့် အခြေခံပညာကျောင်းအုပ်ကြီးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းအဖွဲ့များက ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက်ရှိ အိမ်ထောင်စုများနှင့် အမှတ်(၁၆)အခြေခံပညာမူလတန်းလွန်(မြင်သာဆန်တန်း) ကျောင်းများသို့ ကွင်းဆင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ပြီး ပိုးလောက်လမ်းရှိ/မရှိစစ်ဆေးခြင်း၊ ရေတွင်း/ရေကန်များကို အဘိတ်ဆေးခတ်ခြင်း၊ ကျန်းမာရေး အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



## ဒေးဒရဲမြို့၌ မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ကင်းဝေးစေရန် အသိပညာပေး

**ဒေးဒရဲ ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မီးသတ်ဦးစီးမှူးရုံးက ယနေ့နံနက်ပိုင်းတွင် ဒေးဒရဲမြို့မြို့မဈေးနှင့် လူစည်ကားရာလမ်းဆုံများတွင် မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ကင်းဝေးစေရန် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့သည်။

အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေရာတွင် သဘာဝဘေးအန္တရာယ်ကင်းဝေးစေရန် ရေဘေး၊ မီးဘေး၊ မိုးခေါင်ရေရှား၊ လေပြင်းတိုက်ခတ်မှု၊ မြေလျှင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ဆူနာမီဘေးများကို ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးများပါရှိသည့် လက်ကမ်းစာစောင်များကို မြို့နယ်မီးသတ်လက်ထောက်ဦးစီးမှူး ဦးကျော်ဇောလင်းဦးဆောင်၍ သန္တေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ကင်းဝေးစေရန် အသိပညာပေးလက်ကမ်းစာစောင်များကို ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# တရုတ်နိုင်ငံ ကွမ်ရှီးရုပ်သံရိုက်ကူးရေးအဖွဲ့ နေပြည်တော်တွင် မှတ်တမ်းရုပ်ရှင်ရိုက်ကူး

**နေပြည်တော် ဩဂုတ် ၁၄**

"ပွင့်လန်းသာယာ လန်ချန်း – မဲခေါင် ဂေဟာ" ရုပ်သံမှတ်တမ်းအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးပေါင်းရိုက်ကူးမည့် တရုတ်နိုင်ငံ နန်နင်းမြို့ရှိ ကွမ်ရှီးအသံလွှင့်နှင့် ရုပ်မြင်သံကြားဌာနမှ ညွှန်ကြားရေးမှူး မစ္စတာ Yang Chun ဦးဆောင်သည့် ရိုက်ကူးရေးအဖွဲ့ဝင် ခုနစ်ဦးသည် ဩဂုတ် ၁၂ ရက်မှစ၍ နေပြည်တော်တွင်ရိုက်ကူးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် နေပြည်တော် လယ်ဝေးမြို့နယ်ရှိ အောင်သာကျေးရွာတွင် လန်ချန်း–မဲခေါင်စီမံကိန်းဖြင့် သန့်ရှင်းသောသောက်သုံးရေ ရရှိရေး ဆောင်ရွက်ထားရှိမှုနှင့် ပျဉ်းမနား –ရေဆင်းရှိ သစ်တောသုတေသနဌာနတွင် သုတေသနဆောင်ရွက်မှုအခြေအနေများအပြင် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် သာယာလှပမှုများကို ရုပ်သံမှတ်တမ်း ရိုက်ကူးနေခြင်းဖြစ်သည်။



